ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
စာရင်းစစ်လုပ်ငန်းစောင့်ကြည့်စစ်ဆေးရေးကော်မတီ

ညွှန်ကြားချက်အမှတ် ၁/၂၀၁၈
၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

အကြောင်းအရာ။ ။ စာရင်းစစ်လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ လက်စွဲ၊ စာရင်းလုပ်ငန်း အရည်အသွေးထိန်းသိမ်းရေး အစီအစဉ်များဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း

၁။ အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများသည် ၁၆-၁၂-၂၀၁၅ ရက်စွဲဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီကထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၅ အရ ဆောင်ရွက်ခွင့်ရရှိနိုင်သောစာရင်းစစ်လုပ်ငန်းများ Audit Services နှင့် စာရင်းစစ်လုပ်ငန်းမဟုတ်သောလုပ်ငန်းများ Non-Audit Services များကို လျှောက်ထားဆောင်ရွက်နိုင်ကြောင်း ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

**စာရင်းစစ်လုပ်ငန်းများ Audit Services**

၂။ အပိုဒ် ၁ တွင် ဖော်ပြထားသောအမိန့်ကြော်ငြာစာပါ စာရင်းစစ်လုပ်ငန်းများကို ဆောင်ရွက်သည့်အခါ မိမိတို့၏လုပ်ငန်းအတွင်း၌ အောက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ စစ်ဆေးရေးဝန်ထမ်းအားလုံးသိရှိစေရေးအတွက် စာဖြင့်အတည်ပြုထုတ်ပြန်ထားရန် ညွှန်ကြားပါသည်-

(က) စာရင်းစစ်လုပ်ငန်းစဉ်

(ခ) စာရင်းစစ်လုပ်ငန်းလမ်းညွှန်

(ဂ) စာရင်းစစ်လုပ်ငန်းလက်စွဲ

(ဃ) စာရင်းစစ်လုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအစီအစဉ်များ

၃။ အထက်အပိုဒ် ၁ တွင် ဖော်ပြထားသောအမိန့်ကြော်ငြာစာပါစာရင်းစစ်လုပ်ငန်းများ (ဥပမာ- ဥပဒေအရဆောင်ရွက်သောစာရင်းစစ်လုပ်ငန်း Statutory Financial Statements Audit Engagement၊ ဘဏ္ဍာရေးရှင်းတမ်းအပေါ် စိစစ်သုံးသပ်သည့် လုပ်ငန်း Review Engagement

...စသည့်) တစ်ခုချင်းစီအတွက် အတည်ပြုထုတ်ပြန်မည့် စာရင်းစစ်လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စာရင်းစစ်လုပ်ငန်းလက်စွဲ၊အရည်အသွေးထိန်းသိမ်းရေးအစီအစဉ်များသည်နိုင်ငံတကာစာရင်းစစ်စံများဖြစ်သည့်International Standards on Auditing (ISAs), International Standards on Quality Control(ISQCs), International Standards on Review Engagements (ISREs), International Standards on Assurance Engagements(ISAEs)၊ International Standards on Related Services (ISRSs) တို့နှင့် ညီညွတ်ရန်လိုမည်ဖြစ်ပြီး၊ စာရင်းစစ်လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းများအားလုံးသိရှိနားလည် သဘောပေါက်လျက် လိုက်နာစေရမည် ဖြစ်ပါသည်။

**စာရင်းစစ်လုပ်ငန်းမဟုတ်သောလုပ်ငန်းများNon-Audit Services**

၄။ အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများသည် စာရင်းစစ်လုပ်ငန်းများအပြင်၊ အထက်အပိုဒ် ၁ တွင် ဖော်ပြထားသည့်အမိန့်ကြော်ငြာစာပါ စာရင်းစစ်လုပ်ငန်းမဟုတ်သော အခြားလုပ်ငန်းများကိုလည်းလုပ်ကိုင်နေသူများဖြစ်ပါကအဆိုပါလုပ်ငန်းများကိုဆောင်ရွက်ကြမည့် အဖွဲ့ (သို့) ဝန်ထမ်းများသည် ယင်းစာရင်းစစ်လုပ်ငန်းမဟုတ်သောစာရင်းလုပ်ငန်းကို လက်ခံဆောင်ရွက်ခြင်းမပြုစေဘဲ၊ သီးခြားစီခွဲခြားတာဝန်ပေးအပ်ထားသူများဖြစ်ကြရမည်။ ထို့ပြင် ကင်းရှင်းလွတ်လပ်မှု Independence ကျင့်ဝတ်နှင့်အလုပ်အပ်နှံသူ၏ သတင်းအချက်အလက်များကိုလုံခြုံစွာစောင့်ထိန်းမှု Confidentiality ကျင့်ဝတ်များကို စောင့်ထိန်းရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ ထိုသို့အလုပ်ရှင်တစ်ဦးတည်းအတွက် စာရင်းစစ်လုပ်ငန်းနှင့် စာရင်းစစ်လုပ်ငန်း မဟုတ်သော အခြားလုပ်ငန်းများဆောင်ရွက်ပေးရသည့် အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရသူများသည် အပိုဒ် ၄ ပါ ကျင့်ဝတ်များနှင့်လုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေးအစီအစဉ်များ Quality Control Procedures အပြင် International Standards on Related Services (ISRSs) နှင့်အညီဖြစ်သောလုပ်ငန်းလက်စွဲများကို ဝန်ထမ်းအားလုံး သိရှိနားလည်သဘောပေါက်ပြီး၊ လိုက်နာဆောင်ရွက်ကြစေရေးအတွက် စာဖြင့်အတည်ပြုထုတ်ပြန်ထားရန်လိုမည်ဖြစ်ပါသည်။

၆။ Individual Public Practice ဆောင်ရွက်သည့် တစ်ဦးတည်းပိုင်စာရင်းစစ်လုပ်ငန်းများ အနေဖြင့်လည်း ကင်းရှင်းလွတ်လပ်မှု Independence ကျင့်ဝတ်ကို အလေးထားစောင့်ထိန်းလိုက်နာရန် လိုအပ်ပါသည်။

**ရှောင်တခင်စစ်ဆေးမှုများ**

၇။ ဤကော်မတီသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ၊ အခန်း (၇) ပုဒ်မ- ၂၀ (က) အရ ဖွဲ့စည်းရမည့်ကော်မတီ ၈ ခုတွင် ပါဝင်သော စာရင်းစစ်လုပ်ငန်းဆိုင်ရာစောင့်ကြည့်စစ်ဆေးရေး

ကော်မတီဖြစ်ပါသည်။ ကော်မတီကို ၉-၃-၂၀၁၈ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/ ၂၀၁၈ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသဖြင့် ယင်းအမိန့်ကြော်ငြာစာပါတာဝန်နှင့်အညီ ဤညွှန်ကြားချက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊မရှိ အခါအားလျော်စွာ ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

အမိန့်အရ

ခင်မာချို

အတွင်းရေးမှူး

စာအမှတ်၊ မစက / ၆၀၂ / ( ၇၀၇ /၂၀၁၈)

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

စာရင်းစစ်လုပ်ငန်းဆိုင်ရာစောင့်ကြည့်စစ်ဆေးရေးကော်မတီဝင်များ

အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများအားလုံး

စာရင်းစစ်ဆေးခြင်းမှအပဖြစ်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့်လုပ်ငန်းများ

ကြော်ငြာသင်ပုန်း

ညွှန်ကြားချက်ဖိုင်

ရုံးလက်ခံ